ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုရန် ဖိတ်ခေါ်ခြင်း

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

၁။ လက်ရှိအစိုးရစတင်တာဝန်ယူစဉ်အချိန်မှစ၍ ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ထိုပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအနက် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်မှာ အဓိကဦးစားပေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ အစိုးရအဖွဲ့အနေနှင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၆၀)ကျော် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားများအားလုံး ပြန်လည်စည်းလုံးသင့်မြတ်ရေးကို ရည်သန်၍ ငြိမ်းချမ်းရေးဆွေးနွေးရန် တစ်နိုင်ငံလုံးသို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့တွင် တရားဝင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။

၂။ ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း မည်သည့်ကြိုတင်ကန့်သတ်ချက်မှ မထားဘဲ အဖွဲ့အကြီးအငယ်မရွေး အားလုံးတန်းတူရည်တူပါဝင်နိုင်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၅)ဖွဲ့နှင့် တစ်ဖွဲ့ချင်း အပစ်အခတ်ရပ်စဲရေးများ ဆွေးနွေးခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များ ရရှိခဲ့ပါသည်။ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်ပေါင်း (၃၉)ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးလည်းဖြစ်ပါသည်။ အစိုးရအဖွဲ့အနေနှင့် ငြိမ်းချမ်းရေးကို ရှေးရှုပြီး ရိုးသားမှု၊ စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ စုဖွဲ့ဆွေးနွေးလိုကြောင်း အဆိုပြုမှုကို လက်ခံခဲ့ပြီး ၎င်းအဖွဲ့တို့၏

ညီလာခံများမှ ပေါ်ထွက်လာသည့် စုဖွဲ့မှုများကိုလည်း လက်ခံဆွေးနွေးခဲ့ပါသည်။ ထိုညီလာခံများ ကျင်းပနိုင်ရေးကို အစိုးရဖက်မှ ပံ့ပိုးကူညီခဲ့ပါသည်။ ၎င်းညီလာခံများမှ ထွက်ပေါ်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) မူကြမ်းကို အစိုးရဖက်မှ လက်ခံဆွေးနွေးခဲ့ပါသည်။

၃။ အစိုးရဘက်မှ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)တို့သည် နှစ်ဖက် လက်ခံနိုင်မည့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်တစ်ခု ရရှိရေးအတွက် (၁၇)လကြာ ဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလဆန်းမှ စတင်ဆွေးနွေးခဲ့ရာ ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် အခန်း (၇)ခန်းနှင့် အချက် (၃၃)ချက်ပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း ပြီးစီးကြောင်းကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ အစိုးရအဖွဲ့အနေနှင့် ထိုမူကြမ်းအား လက်မှတ်ရေးထိုးရန် သဘောတူညီပြီးဖြစ်သော်လည်း တိုင်းရင်းသား ခေါင်းဆောင်များမှ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (Senior Delegation) အဖြစ် ထပ်မံဖွဲ့စည်းခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ရန် တောင်းဆိုလာခဲ့ပါသည်။ အစိုးရ အနေနှင့်လည်း ငြိမ်းချမ်းရေးအတွက် ရှေးရှု၍ ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် NCA စာချုပ်ပါ အချက်များ အားလုံးကို အပြီးသတ် သဘောတူညီနိုင်ခဲ့ပြီဖြစ်ပါသည်။

၄။ မိမိတို့ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးသမိုင်းတလျှောက်တွင် ယခုကဲ့သို့ ကျယ်ပြန့်ပြည့်စုံသည့် သဘောတူစာချုပ်တစ်ခုကို အစိုးရ၊ လွှတ်တော်များ၊ တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ပထမဆုံးအကြိမ်အဖြစ် သဘောတူ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ခြင်းလည်းဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။ ငြိမ်းချမ်းရေးကို လိုလားတောင်းတနေကြသည့် မြန်မာပြည်သူတရပ်လုံး၊ အထူးသဖြင့် မငြိမ်းချမ်းသော

ပဋိပက္ခဒေသများတွင် ကာလရှည်ကြာ ရုန်းကန်ခံစားခဲ့ကြရသည့် ပြည်သူများ၏ ပြည်တွင်းငြိမ်းချမ်းရေးလိုလားမှုကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ခွန်အားများ ဖြစ်ခဲ့ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိလာခြင်း၌ နိုင်ငံတကာအသိုင်းအဝိုင်း၏ အားပေးထောက်ခံကူညီမှုများကလည်း တစ်တပ်တစ်အား ပါဝင်ခဲ့ပါသည်။

၅။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ တပ်မတော် ဖက်မှလည်း အချုပ်အခြာအာဏာကို ထိပါးလာသည့်ကိစ္စများမှအပ စစ်ဆင်ရေးကြီးများ ပြုလုပ်ရန် ရည်ရွယ်ထားခြင်းမရှိပါ။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူ အင်အားစုအားလုံးကို ပါဝင်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အားလုံးပါဝင်ရေးမူကို လက်တွေ့ကျကျ အဆင့်လိုက် အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

၆။ အစိုးရအနေနှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား လက်ရှိသဘောတူညီမှုရရှိထားသော စာချုပ်ကြီးကို ထပ်မံ ပြင်ဆင်ဖြည့်စွက်ရန် မရှိဘဲ လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိနေပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့အားလုံး၏ ရည်မှန်းချက်ဖြစ်သည့် နှစ်ပေါင်းရှည်ကြာ ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံး ပြန်လည် ရင်ကြားစေ့ သင့်မြတ်ရေးတို့အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဆက်လက် ဆောင်ရွက်နိုင်ရန်အလို့ငှာ ညှိနှိုင်းပြီးစီးခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

သိန်းစိန်

နိုင်ငံတော်သမ္မတ